ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၃၃/၂၀၂၂)

Mr. Zhang Bang ( အလုပ်ရှင်)
Sunshine Milestone Construction Services Co., Ltd.
(ဖျော်ဖြေစပ်ထုတ်လုပ်ခြင်းလုပ်ငန်း)
ဦးစောစိန်အောင် (ခ) သီဟဇော် (General Manager)
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၁၂၅)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၇)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
နှင့်
ဦးမင်းသူရ (အလုပ်သမား)
အိမ်အမှတ် (၅၃၇)၊ ငုဝါလမ်းသွယ် (၃)၊ ရိုးလေးကျေးရွာ၊
ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

} လျှောက်ထားသူ

နှင့်

ဦးမင်းသူရ ( အလုပ်သမား)
အိမ်အမှတ် (၅၃၇)၊ ငုဝါလမ်းသွယ် (၃)၊ ရိုးလေးကျေးရွာ၊
ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
နှင့်
Mr. Zhang Bang (အလုပ်ရှင်)
Sunshine Milestone Construction Services Co., Ltd.
(ဖျော်ဖြေစပ်ထုတ်လုပ်ခြင်းလုပ်ငန်း)
ဦးစောစိန်အောင် (ခ) သီဟဇော် (General Manager)
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၁၂၅)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၇)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၇)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၂၅) ရှိ Sunshine Milestone Construction Services Co.,Ltd (ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်း) Mr. Zhang Bang (အလုပ်ရှင်) ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစောစိန်အောင် (ခ) သီဟဇော် (General Manager) နှင့် ဦးမင်းသူရ (အလုပ်သမား) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲခဲ့ပြီး ဆုံးဖြတ်ခဲ့ပါသည်။

| | |
|---|---|
| ကောက်ချက် ။ | တောင်းဆိုသူ အလုပ်သမား ဦးမင်းသူရ (ယာဉ်မောင်း) အား နို့တစ်ကြေး နှင့် အလုပ်ရပ်စဲမှုနစ်နာကြေး ပေးရန် သင့်/ မသင့်။ |
| ဆုံးဖြတ်ချက် ။ | တောင်းဆိုသူ အလုပ်သမား ဦးမင်းသူရ (ယာဉ်မောင်း) အား နို့တစ်ကြေး နှင့် နစ်နာကြေးပေးရန်မလိုဘဲ စားဝတ်နေရေး လတ်တလောအဆင်ပြေစေရန် ကျပ် ၆၅၀,၀၀၀/ ထုတ်ပေးရန် ဆုံးဖြတ်သည်။ |

၃။ ဤအငြင်းပွားမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့မှ ကျေနပ်မှုမရှိ၍ အယူခံလျှောက်ထားတင်ပြခဲ့သည့်အတွက် အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၏ ၂၀-၉-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၁၇၂/၂၀၂၂) ဖြင့် ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၃၃/၂၀၂၂)အား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌ ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးလှထွန်းခိုင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုကို စစ်ဆေးရာတွင် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃ (က) အရ "သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေး ခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါ ထိန်းချုပ်ရေး၊ တားဆီးကာကွယ်

ရေးကာလဖြစ်၍ COVID-19 ရောဂါ ကူးစက်မှုမဖြစ်စေရန် တားဆီးသည့်အနေဖြင့် ခုံသမာဓိ ကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ အမှုအား ဆင်ခြင်တုံတရားဖြင့် ခိုင်မာသည့် သက်သေ၊ အခြေအနေ၊ အထောက်အထားအပေါ် ကောက်ယူ၍ ၂၃-၉-၂၀၂၂ ရက်နေ့တွင် စစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

<u>အငြင်းပွားမှုပေါ်ပေါက်လာပုံ</u>

၅။ ဤကုမ္ပဏီသည် တည်ဆောက်ရေးလုပ်ငန်းများအတွက် ကွန်ကရစ်ဖျော်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ကုမ္ပဏီ၏ ရုံးချုပ် Plant (1) သည် လှိုင်သာယာမြို့နယ်တွင် အခြေစိုက် တည်ရှိပြီး မှော်ဘီမြို့နယ်၊ မြို့ချောင်းရှိ Plant ရုံးခွဲများသို့လည်း စေလွှတ်တာဝန်ပေးလေ့ ရှိကြောင်း တွေ့ရှိရပါသည်။ ယခုဖြစ်ပွားသည့် ဦးမင်းသူရ (ယာဉ်မောင်း) အား မှော်ဘီမြို့နယ်၊ မြို့ချောင်း Plant စက်ရုံရုံးခွဲသို့ သွားရောက်တာဝန်ထမ်းဆောင်စေခဲ့ရာ ဖယ်ရီအခက်အခဲကြောင့် မသွားနိုင်သဖြင့် အငြင်းပွားမှုပေါ်ပေါက်၍ အလုပ်မှရပ်စဲခံရကြောင်းကို တွေ့ရှိရပါသည်။

ကောက်ချက် ။ အလုပ်ရှင်သည် တောင်းဆိုသူ အလုပ်သမား ဦးမင်းသူရ (ယာဉ်မောင်း) အား နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သင့်/ မသင့်။

<u>စစ်ဆေးတွေ့ရှိချက်</u>

၆။ ဤအငြင်းပွားမှုသည် ကွန်ကရစ်ဖျော်စက်ရုံ Sunshine Milestone Construction Services Co.,Ltd (ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်း) နှင့် AG ယာဉ်မောင်း ဦးမင်းသူရ တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုဖြစ်ပြီး ဤကုမ္ပဏီတွင် လှိုင်သာယာစက်ရုံ၊ ဒဂုံအရှေ့စက်ရုံ၊ မြောင်းတကာစက်ရုံနှင့် ပဲခူးစက်ရုံများသို့ AG ယာဉ်မောင်းများကို လုပ်ငန်းလိုအပ်ချက်အရ အလှည့်ကျစေလွှတ်ပြီး တာဝန် ထမ်းဆောင်၍ လုပ်ငန်းများပြီးစီးမှသာ ပြန်လာခွင့်ပြုကြောင်း၊ ယာဉ်ပိုင်ပေးပြီး မိမိတို့ကွပ်ကဲမှုဖြင့် တာဝန်ကျရာနေရာများတွင် ဆောင်ရွက်လုပ်ကိုင်ရကြောင်း စစ်ဆေးတွေ့ရှိရပါသည်၊ တာဝန်ဖြင့် စေလွှတ်လိုက်သော ယာဉ်မောင်းသည် တာဝန်ထမ်းဆောင်ရာ Plant အသီးသီးရှိ တာဝန်ရှိ ပုဂ္ဂိုလ် တို့ထံသို့ သတင်းပို့၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြလေ့ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ယခုအငြင်းပွားမှုဖြစ်စဉ်တွင် အလုပ်ရှင်အနေဖြင့် အလုပ်သမားအား တာဝန်ပေးစေလွှတ်ရာတွင် အလုပ်သမားသည် ငြင်းဆန်မှုကြောင့် အလုပ်မှထုတ်ပယ်ခံခဲ့ရပါက နစ်နာမှုဖြစ်ပေါ်လာမည် မလွဲကြောင်းကို အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့မှ သိရှိသဘောပေါက်ရန် လိုအပ် ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများဖြစ်၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက် နိုင်ခြင်းမရှိပါက လုပ်ငန်းပြိုကွဲသွားစေနိုင်သည်အထိ အခက်အခဲရှိပါသည်။ ကုမ္ပဏီအနေဖြင့်

လည်း COVID-19 အခြေအနေ၊ နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ ငွေကြေးဝန်ဆောင်မှုအခက်အခဲ၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းပြဿနာ၊ ကုန်ကြမ်းဝယ်ယူမှုခက်ခဲခြင်းပြဿနာ စသည်တို့နှင့် ရင်ဆိုင်နေရသော်လည်း ကုမ္ပဏီ၏ ရပ်တည်နိုင်ရေး၊ ဝန်ထမ်းများ အလုပ်လက်မဲ့မဖြစ်စေရေးတို့ကို အဓိကထား၍ သတိကြီးစွာ ဆောင်ရွက်နေရသော အချိန်ကာလဖြစ်သည့်အတွက် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ AG ယာဉ်မောင်း ဦးမင်းသူရသည် လုပ်သက် ၅ နှစ် ၃လ ရှိပြီး လုပ်ငန်းခွင်အတွင်း ဖြစ်မှုကျူးလွန်ခြင်းများမရှိခဲ့ပါကြောင်း၊ ၎င်းတို့အား ခံစားခွင့်မပေးဘဲ အလုပ်မှ ရပ်စဲခဲ့ခြင်းသည် ဥပဒေနှင့် မညီညွတ်သောကြောင့် ဥပဒေပါ ခံစားခွင့်များဖြစ်သည့် နို့တစ်ကြေးနှင့် လုပ်သက်အလိုက် ခံစားခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြတောင်းဆိုခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၇။ အလုပ်ရှင်သည် ယာဉ်မောင်းများလိုက်နာရန် စည်းကမ်းချက်များကို ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ယာဉ်မောင်းတိုင်း သိရှိကြပါကြောင်း၊ တာဝန်ကျနေရာသို့ ဖယ်ရီစီစဉ်ပေးမှုမရှိသည့်အတွက် မသွားရောက်သော ယာဉ်မောင်း ဦးမင်းသူရအား အလုပ်မှရပ်စဲခဲ့ပြီးနောက် ပြန်လည်ခန့်ထားပါက လုပ်ငန်းခွင်တွင် ပြဿနာများပေါ်ပေါက်နိုင်သည်ဟု သုံးသပ်ပါသည်။ အလုပ်ရှင်သည် အလုပ်သမားမှ တင်ပြထားသော ဖယ်ရီကြို/ ပို့ခြင်းအပေါ် အတတ်နိုင်ဆုံး ညှိနှိုင်းစီစဉ်နေသည်ကို အလုပ်သမားအား အသိပေးထားသင့်သော်လည်း အသိပေးမှုမရှိ၍ ယခုကဲ့သို့ အငြင်းပွားမှု ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်ဟု သုံးသပ်ပါသည်။ အလုပ်ရှင်အနေဖြင့် ရုံးတွင်းအမိန့်စာအရ တာဝန်ပေးအပ်သည်ကို လိုက်နာမှုမရှိပါက အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် (EC စာချုပ်) ပါ နည်းလမ်းများအတိုင်း ပထမအကြိမ်နှုတ်ဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်စာဖြင့် သတိပေးခြင်း၊ တတိယအကြိမ် ခံဝန်လက်မှတ်ရေးထိုးခြင်းပြုရမည့်အစား သတိပေးမှုမရှိဘဲ တိုက်ရိုက် အလုပ်မှ ရပ်စဲခဲ့ခြင်းသည် ရပ်စဲခံရသူ အလုပ်သမားအား ထိခိုက်နစ်နာစေမှုရှိသကဲ့သို့ ဥပဒေနှင့်အညီ၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာညွှန်ကြားရမည့် အလုပ်ရှင်အနေဖြင့်လည်း စီမံခန့်ခွဲရေးဆိုင်ရာ အားနည်းချက်ရှိနေသည့်အတွက် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ နစ်နာစေခဲ့ပြီးဖြစ်၍ ကုစားနိုင်ရန်နှင့် အငြင်းပွားမှုပြေငြိမ်းစေရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေညွှန်ကြားချက်များနှင့်အညီ လိုက်နာဖော်ဆောင်၍ ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်ပါသည်။ သို့ဖြစ်၍ ဥပဒေအရ ခံစားခွင့်ရှိသည့် ငွေကြေးများကို နစ်နာသူ ဦးမင်းသူရ (အလုပ်သမား) အား ခံစားခွင့်ပြု၍ တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သင့်သည်ဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်း

ဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ ခံစားသင့်/ ခံစားထိုက်သော အလုပ်ရပ်စဲမှုနစ်နာကြေးများကို အခြေခံလစာ ၁၄၄,၀၀၀ိ/- အပေါ် မူတည်၍ တွက်ချက်ထုတ်ပေးရန် သင့်တော်သည်ဟု ဆုံးဖြတ်ပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၈-၉-၂၀၂၂ နေ့စွဲပါ အငြင်းပွားမှုအမှတ် (၃၉/၂၀၂၂) အပေါ် ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အလုပ်ရှင်သည် အလုပ်မှရပ်စဲခြင်းခံရသော AG ယာဉ်မောင်း ဦးမင်းသူရ (အလုပ်သမား) အား နို့တစ်ကြေးတစ်လစာနှင့် လုပ်သက်အလိုက်နစ်နာကြေး (၄) လစာ၊ စုစုပေါင်း (၅) လစာကို (အခြေခံလစာ ၁၄၄,၀၀၀ိ/- × ၅ = ၇၂၀,၀၀၀ိ/-) အပေါ် ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးလှထွန်းနိုင် | ဦးသောင်းစိန် | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |